http://www.dhammadownload.com



ကျေးဇူးရှင်မဟာဗောဓိတထောင် ဆရာတော်ဘုရားကြီး၏ ဘဝနှင့်သာသနာပြုပုံရိပ်များ

http://www.dhammadownload.com



http://www.dhammadownload.com

ဥယျာဇဉ်



ကျေးဇူးတော်ရှင် မဟာဗောဓိတထောင် ဆရာတော်ဘုရားကြီး၏ ထူးခြားသော ဘုန်းကံပါရမီတို့ကို သီးခြားညွှန်းဆိုဖွယ်ရာလို အံ့မထင်ပါ။ ဆရာတော်ဘုရားကြီးကိုယ်တိုင် တည်ဆောက်ဖန်ဆင်းခဲ့သော ကမ္ဘာကျော်သာသနိကအဆောက်အဦတို့က ထင်ထင်ရှားရှား သက်သေခံလျက်ရှိသောကြောင့်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ပရိယတ်၊ ပဋိပတ်လုပ်ငန်းများအပြင် သာသနိကအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပရဟိတလုပ်ငန်းများ အားပေးလုပ်ဆောင်ခြင်းစသည်တို့ကို ဘဝတလျှောက်လုံး အားလပ်သည်မရှိရအောင် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော ကမ္ဘာ့သာသနာပြု ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ထိုထိုသာသနာပြုကိစ္စအဝဝတို့ကို ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့ သိရှိကြည်ညို သဒ္ဓါပွားများနိုင်ကြစေရန်....

- မဟာဗောဓိတထောင် ဆရာတော်ကြီး၏ ဘဝစာပန်းချီ (နှစ် ၆၀ ဘဝခရီး)
- မဟာဗောဓိတထောင် ဆရာတော်ကြီး၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုဂုဏာပူဇာစာစောင်
- မဟာဗောဓိတထောင် ဆရာတော်ကြီး၏ ဩဝါဒစကားများ
- မဟာဗောဓိတထောင် ဆရာတော်ကြီး၏ သာသနာခရီးစသော မှတ်တမ်းမှတ်ရာ စာအုပ်စာတမ်းများကို ဆရာတော်ကြီး၏တပည့် ရဟန်းပညာရှင် လူပညာရှင်များက ရေးသားပြုစု ထုတ်ဝေခဲ့ကြပါသည်။

ဤအထဲတွင် ယခု "မဟာဗောဓိတထောင် ဆရာတော်ဘုရားကြီး၏ဘဝနှင့် သာသနာပြုပုံရိပ်များ" ဟူသော စာအုပ်မှာ ဆရာတော်ကြီး၏ သာသနာပြုပုံရိပ်များကို ဓာတ်ပုံများဖြင့် ဝိဝိပြင်ပြင်သရုပ်ဖော်တင်ပြထားသော ထူးထူးခြားခြား ဓာတ်ပုံမှတ်တမ်း စာအုပ်တစ်အုပ် ဖြစ်ပါသည်။ အများသူငါ လေ့လာကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် စိတ်ကူးသစ် အကြံအစည်သစ်တို့ဖြင့် စီစဉ်ထုတ်ဝေမှုကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။



နာယကဆရာတော်များ
မဟာဗောဓိတထောင်ကျောင်းတိုက်

http://www.dhammadownload.com

အမှာစာ

ဗောဓိတထောင်ဆရာတော်ဘုရားကြီးကို လေးစားကြည်ညိုကိုးကွယ်ဆည်းကပ် ယုံကြည်အားထားကြတဲ့ ရဟန်းရှင်လူ ဒကာ၊ ဒကာမတွေဟာ မြန်မာပြည်တလွှားသာမက ကမ္ဘာနဲ့အဝှန်းမှာရှိနေကြပါတယ်။

အဲဒီလို လေးစားကြည်ညိုကိုးကွယ်ဆည်းကပ် ယုံကြည်အားထားကြတဲ့ ရဟန်းရှင်လူ၊ ဒကာ၊ ဒကာမအားလုံးကို နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ စိမ်းသည်ဖြစ်စေ၊ ရင်းသည်ဖြစ်စေ ဘယ်သူ့ကိုမဆို ဆရာတော်ကြီးဟာ တူညီသော မေတ္တာပေးပါတယ်။

ရဟန်းရှင်လူ၊ ဒကာ၊ ဒကာမတွေရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာသာသနာအရေးစတဲ့ အရေးအမျိုးမျိုးကို ဆရာတော်ကြီးက နည်းအမျိုးမျိုးနဲ့ ကူညီဖြေရှင်းပေးပါတယ်။ အကြံဉာဏ်ကောင်းများပေးပြီး ဆုံးမသြဝါဒလည်းပြုပါတယ်။ အသက်အန္တရာယ်ဘေးအမျိုးမျိုးကလည်း ကယ်ဆယ်နိုင်သလောက် ကယ်ဆယ်တော်မူပါတယ်။ ချီးမြှင့်မြှောက်စားခြင်းလည်းပြုပါတယ်။

အဲဒီလို ရဟန်းရှင်လူ ဒကာ၊ ဒကာမများအပေါ်မှာထားရှိတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာနဲ့ ဂုဏ်ကျေးဇူးတွေကို အစဉ်ထာဝရ သတိရအောက်မေ့ပြီး၊ ကြည်ညိုသဒ္ဓါပွားများနိုင်ဖို့အတွက် "ကျေးဇူးရှင် မဟာဗောဓိတထောင်ဆရာတော်ဘုရားကြီး၏ ဘဝနှင့် သာသနာပြုပုံရိပ်များ" ဆိုတဲ့ ဓါတ်ပုံမှတ်တမ်းစာအုပ်ကို ဆရာတော်ဘုရားကြီးရဲ့ ရဟန်းရှင်လူ၊ တပည့်သာဝက ဓမ္မမိတ်ဆွေများရဲ့ အကူအညီ အထောက်အပံ့တွေနဲ့ ပြုစုထုတ်ဝေလိုက်ပါတယ်။

ဒီဓမ္မဒါနစာအုပ်မှာ "ဥယျောဇဉ်" ချီးမြှင့်ပေးတဲ့၊ မဟာဗောဓိတထောင်ကျောင်းတိုက်ကြီးရဲ့ နာယကဆရာတော်များဖြစ်ကြတဲ့ ဦးသောဘိတ၊ ဦးကဝိန္ဒ၊ ဦးဩဘာသ၊ ဦးဝိစိတ္တ၊ ဦးဣန္ဒဇောဘာသတို့ကို အထူးကျေးဇူးဥပကာရ တင်ရှိကြောင်းရေးဦးစွာဖော်ပြလိုပါတယ်။

တိုတောင်းတဲ့အချိန်ကာလအတွင်းမှာ ဒီဓမ္မဒါနစာအုပ်ကို ပြုစုထုတ်ဝေနိုင်ခွင့်ရခဲ့တာကတော့ နာယကဆရာတော်တစ်ပါးဖြစ်တဲ့ ဦးဩဘာသ (ဦးဇင်းဖြိုး)နဲ့ ဦးထိန်လင်း (စိန်လင်းကျော်၊ မုံရွာ)တို့ကြောင့်ဘဲဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ် (၂) ဦးတို့ရဲ့ မေတ္တာ၊ စေတနာ၊ ပညာအပြည့်အဝနဲ့ အားတက်သရော အကူအညီမပေးခဲ့ဘူးရင် ဒီဓမ္မဒါန စာအုပ်ဟာ ထွက်ပေါ်လာဖို့ မလွယ်ပါဘူး။

ဖြဟ္မဝိဟာရကျောင်းတိုက် (ကုံကော်တထောင်) ပြင်ဦးလွင်၊ ဆရာတော် ဦးအဂ္ဂဝံသနဲ့ ဆရာတော် ဦးကုမုဒ (စိန်ပန်းကျောင်း၊ ဗောဓိတထောင်တိုက်ခွဲ၊ တောင်ဒဂုံ) ဦးကုဏ္ဍလ၊ ဦးကေသရ၊ (ဦးဇင်းခင်မောင်မြင့်)၊ ဗောဓိတထောင်တို့ဆီက ရရှိတဲ့ ရှားပါးတဲ့ ဓါတ်ပုံတွေ၊ အကြံကောင်း ဉာဏ်ကောင်းတွေဟာ ဒီဓမ္မဒါနစာအုပ်ကို ပြုစုရာမှာ အလွန်ပဲတန်ဖိုးရှိပါတယ်။

http://www.dhammadownload.com

ဆရာတော်ဘုရားကြီးရဲ့ နှောင်းအတိတ်က မြရိပ်အကြောင်းတွေကို ပြန်လည်ပြောပြပြီး လွမ်းဆွတ်သတိရတမ်းတနေရှာတဲ့ ငယ်တပည့်ဘချစ် (ဦးဘချစ်)နဲ့ ဆရာတော်ဘုရားကြီးရဲ့ ဗောဓိတထောင် သာသနပြုလုပ်ငန်းတွေမှာ တပည့်သီလရှင်တွေနဲ့အတူ အမျိုးမျိုးအဖုံဖုံပါရမီဖြည့်ခဲ့ကြပြီး၊ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူအချိန်အထိ အနီးကပ်ပြုစုစောင့်ရှောက်ခဲ့ကြတဲ့ ဒေါ်ပညာဝတီ၊ ဒေါ်ရူပသီဂီ (မြဝတီသီလရှင်စာသင်တိုက်၊ မန္တလေး)တို့ရဲ့ အားပေးကူညီပံ့ပိုးမှုတွေဟာလည်း ဗောဓိတထောင်ရဲ့ သာသနာသမိုင်းမှာ ကမ္ဘည်းမော်ကွန်းတင်ရမှာဖြစ်ပါတယ်။

ဗောဓိတထောင်ဆရာတော်ကြီးရဲ့ မြေး၊ မြစ်တွေဖြစ်ကြတဲ့ ကိုအောင်စော်လင်း၊ ကိုစိုးသိန်းထိုက်တို့နဲ့ ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းတွေကို ပညာနဲ့ ပါရမီဖြည့်ပေးခဲ့ကြတဲ့ ကိုမြသိန်း (ပန်းပုပညာရှင်၊ ရောင်းဦး)၊ ကိုသန်းဦး (ပန်းရန်ပညာရှင်)တို့ဟာလည်း ဒီစမ္မဒါနစာအုပ်ထွက်ပေါ်လာဖို့အတွက် အဖက်ဖက်က အကူအညီပေးခဲ့သူတွေဖြစ်ပါတယ်။

ဗောဓိတထောင်ဆရာတော်ကြီးရဲ့ ဘဝနဲ့ သာသနာပြုပုံရိပ်တွေကို သဒ္ဒါကြည်ညိုဖွယ်ဖြစ်အောင် စိတ်ရှည်လက်ရှည် ဖန်တီးပေးခဲ့သူများကတော့ သမီးကြီး မစိုး (ထူးကွန်ပျူတာ)နဲ့ သမီးငယ် မိုးသူနဲ့ သူငယ်ချင်းရောင်းရင်းများ (DG Lab ခါတ်ပုံလုပ်ငန်း)တို့ဖြစ်ပါတယ်။

ဒီစာအုပ်ကို ကြည်ညိုသဒ္ဒါပွားဖွယ်ဖြစ်အောင် စေတနာအပြည့်အဝနဲ့ ဆရာတော်ကြီးရဲ့ မွေးနေ့အမှီ ရိုက်နှိပ်ပေးခဲ့တဲ့ သား ကိုစိုးဝင်းသိန်းနဲ့ သမီး မခိုင်မြင့်ရီ တို့ကိုလည်း အထူးကျေးဇူးတင်ရမှာဖြစ်ပါတယ်။

ဒီစာအုပ်ထွက်ပေါ်လာဖို့အတွက် အထူးကျေးဇူးဥပကာရတင်ထိုက်တဲ့ ပုဂ္ဂိုလ်များကတော့ ဆရာတော်ကြီးရဲ့ ရဟန်း၊ ရှင်လူ၊ တပည့်သာဝကများနှင့် ကျွန်တော်တို့နဲ့ ဘဝဘဝပေါင်းများစွာက ပဋ္ဌာန်းဆက်ပါခဲ့ကြတဲ့ ဓမ္မမိတ်ဆွေ အလှူရှင်များဖြစ်ကြပါတယ်။

ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါနေသို့ လင်းစေသောဝ် ဗုဒ္ဓမြတ်စွာသာသနာ ကမ္ဘာအဂ္ဂန်းထွန်းစေသော်...။

ဦးသက်တင် + ဒေါ်ခင်ရွှဲ.ရွှဲ.
ဆရာတော်ကြီး၏ တပည့်သာဝကများ

http://www.dhammadownload.com

ပုံရိပ်များ

"ကျေးဇူးရှင် မဟာဗောဓိတထောင် ဆရာတော်ဘုရားကြီး၏ ဘဝနှင့် သာသနာပြုပုံရိပ်များ"မှာ ပါဝင်တဲ့ ပုံရိပ်တွေကို အပိုင်း (၉) ပိုင်းခွဲပြီး စုစည်းတင်ပြထားပါတယ်။

- ပထမပိုင်း
  * ရပ်တော်မူ ရုပ်ပွားတော် (၅)ဆူ၊ * နှုန်းဦးဆရာတော်ဘုရားကြီးနှင့် ဦးရီးတော် ဦးသုထောယျ၊
  * နာယကဆရာတော် (၅) ပါး၊ * ဗောဓိတထောင်ကျောင်းတိုက်ရှိ သံဃာတော်များ။
- ဒုတိယပိုင်း
  * ဇာတိမွေးရပ်မြေ၊ * ကျီးနီမိတ်၊ * အောင်စည်ကျော်ခိုက် ဗောဓိစိုက်၊ * မဟာစည်နှင့် မင်းကွန်း ဆရာတော်ကြီး (၂) ပါး၊
  * ဗောဓိသာသနာမြေက ဓတက္ကန်နှင့် သီတင်းသုံးခဲ့သော ကျောင်းများ။
- တတိယပိုင်း
  * ဂုဏ်တော်အားထားအကျိုးပွား၊ * ကမ္မဋ္ဌာန်းတရားအားထုတ်ရာဌာနများ၊ * လောကီဝိဇ္ဇာပညာ
    (အင်းလမ်းနှင့် ဓာတ်လမ်း)၊ * နှောင်းအတိတ်က မြရိပ်၊ * စိတ်၊ စေတနာ၊ မေတ္တာ။
- စတုတ္ထပိုင်း
  * ထီးတော်တင်ပွဲများ၊ * ညီနောင်နှစ်ပါး၊ * ညောင်ပင်အိုင်ဆရာတော်ကြီးနှင့်အတူ၊ * လမ်းတံတား ဆည်းမြောင်းချောင်းကန်။
- ပဉ္စမပိုင်း
  * ပြည်ပသာသနာပြုခရီးများ၊ * စိန်ရတုမွေးနေ့ မင်္ဂလာ။
- ဆဋ္ဌမပိုင်း
  * နောက်ဆုံးနေ့များနှင့် ဆေးဝါးကုသမှု၊ * ဘဝနှတ်ထံ ပျံလွန်တော်မူခြင်း၊ * အန္တိမစျာပန၊ * အရိုးအိုးစေတီ။
- သတ္တမပိုင်း
  * ရုပ်ထုတော်များ၊ * ဆောက်လုပ်ဆဲ ဘဝမှတ်တိုင်ပြတိုက်ကြီး၊ * ထုတ်ဝေခဲ့သော စာအုပ်စာတမ်းဆောင်းပါးများ။
- အဋ္ဌမပိုင်း
  * ကုသိုလ်တော် သာသနိက အဆောက်အဦများ။
- နဝမပိုင်း
  * ဗောဓိတထောင် တိုက်ခွဲများ၊ * ပါရမီဖြည့်ဘက် မြဝတီသီလရှင် စာသင်တိုက်(မန္တလေး)၊ * ဗုဒ္ဓယဉ်ကျေးမှုပြတိုက်။

http://www.dhammadownload.com



ဗုဒ္ဓရွှေကျောင်းတော်ရှိရုပ်တော်မူရုပ်ပွားတော်များ

http://www.dhammadownload.com


ဗောဓိတထောင် ဒို့လက်ဆောင်

ချမ်းသာလိုလား စိတ်ကောင်းထား၊ မေ့လျော့နေငြား အပါယ်လား၊

ဆင်းရဲလိုမူ စိတ်ဆိုးထူ။ ဗောဓိတထောင် ဒို့လက်ဆောင်။



http://www.dhammadownload.com



သံဃာရတ္နာ နန်းဦးဆရာတော်ဘုရားကြီး



ကိုးဆူကျောင်း တတိယဆရာတော်ကြီး ဦးသုဇောဃျ

http://www.dhammadownload.com




နာယကဂုဏ်

ထက္ကြ၊ နိုးကြား၊ သနား၊ သည်းခံ၊


ဝေဖန်၊ ထောက်ရှု၊ ဤ (၆) ခု

ကြီးသူကျင့်အပ်စွာ

http://www.dhammadownload.com



http://www.dhammadownload.com



သာသနာ့တာဝန်

ဗောဓိတထောင်မှာနေနေ အခြားနေရာမှာနေနေ သာသနာထဲမှာ
နေသမျှ တာဝန်တစ်ခုခုကို ထမ်းဆောင်နေရတယ်။
တာဝန်မထမ်းရင် သံသရာအကြွေးတင်တယ်။ ကျွန်းတွေလို
ပင်ပင်ပန်းပန်း အကြွေးဆပ်ရလိမ့်မယ်။
ကြက်၊ ဝက်များဆိုရင် အသွေးအသားတွေပေးပြီး
အကြွေးဆပ်နေရတယ်။

http://www.dhammadownload.com



ဗောဓိတထောင်ကျောင်းတိုက်ရှိသင်္ဃာတော်များ

http://www.dhammadownload.com

ဓာတိမွေးရပ်မြေ

ဗောဓိတထောင်ဆရာတော်ဘုရားကြီး၏ အလောင်းအလျာဖြစ်သော မောင်တိုးကြွယ်ကို
ခမည်းတော် ဦးထွန်းမြတ်၊ မယ်တော် ဒေါ်စောမြိုင်တို့မှ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊
ရွှေတွင်းကုန်းရွာ (ယခင်ရွာကျပ်ရွာ)၌ ၁၂၉၂-ခု၊ တပို့တွဲလဆန်း (၁၄)ရက်၊
စနေနေ့ နံနက် (၄) နာရီ (၃၁.၁.၁၉၃၁)နေ့တွင် ဖွားမြင်ခဲ့ပါသည်။



ဆရာတော် ဘုရားကြီး
ဖွားမြင်ခဲ့သော နေရာတွင်
ယခုအခါ ရွှေချက်သိုစေတီကို
တည်ထားခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ကျိုးနိမိတ်

ဗောဓိတထောင်ဆရာတော်ဘုရားကြီး အလောင်းအလျာဖြစ်သော မောင်တိုးကြွယ်

လူမမည်ကလေးဘဝ ပုခက်တွင်း၌ ရှိနေစဉ် ကျီးငယ်တစ်ကောင် လာနားခဲ့ပါသည်။

ရဟန်းဘဝ ဆွမ်းခံကြွစဉ်မှာလည်း ကျီးငယ်တစ်ကောင်သည် ဦးခေါင်းထက်မှာ နားခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူချိန်၌

ကျီးများအုပ်နှင့်ချီ၍ ရောက်လာကြပါသည်။

ဆရာတော်ဘုရားကြီးသည် နေ့ဆွမ်းစားပြီးချိန်၌

ဒေါသီဓမ္မာရုံရှေ့တွင် ကျီးများကို

အစာကျွေးလေ့ရှိပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com



အောင်စည်ကျော်ခို့က်၊ ဗောဓိခို့က် (၁၃၂၂-ခု)

ကျေးဇူးရှင် နန်းဦးဆရာတော်ဘုရားကြီး၏ သြဝါဒနှင့် အညီ ဗောဓိတထောင်ဆရာတော် အလောင်းအလျာဖြစ်သော ရှင်နာရဒသည် ၁၃၂၂ခု၊ ကဆုန်လဆန်း (၁၁)ရက် ကြာသပတေးနေ့တွင် ကိုးဆူကျောင်းမှ ဗောဓိပင် (၂၇) ပင်ကို ပင့်ဆောင်ခဲ့ပြီး ဗောဓိတထောင်သာသနာ အောင်မြေဖြစ်မည့် ဒီပါအေးဘုရားဗောဓိကွင်း၌ ဗောဓိပင်များကို ပထမဦးစွာ စိုက်ပျိုးခဲ့ပါသည်။

ဒီပါအေးဗောဓိကွင်းအတွင်း ကိုးတောင်ပြည့်စေတီနှင့် တည့်တည့်ရှိ ဗောဓိပင်နေရာသည် ပထမဦးဆုံး ဗောဓိပင်စိုက်ပျိုးသော နေရာဖြစ်ပြီး ယခုလက်ရှိ ဗောဓိပင်သည် ဒုတိယအကြိမ် ပြန်လည်စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်ပါသည်။

ယခုအခါ ဧက ၂၅၀ ခန့်ကျယ်ဝန်းသော ဗောဓိတထောင်ကျောင်းတိုက် သာသနာ့အောင်မြေတွင် ဗောဓိပင်ပေါင်း (၉) ထောင်ကျော်ဖြင့် စိမ်းလန်းဝေဆာလျက်ရှိနေပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com






မဟာစည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းဆရာတော်ဘုရားကြီးတို့
နှစ်ပါးခံညီကြွရောက်ချီးမြှင့်

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း (၉)ရက်နေ့တွင် မုံရွာမြို့၊ မဂဒါဝုန်ကျောင်းတိုက်၌

ဆရာတော်ကြီး နှစ်ပါးအား ပူဇော်ပွဲကျင်းပခဲ့ရာ ဆရာတော်ကြီးနှစ်ပါးသည်

ဗောဓိတထောင်ကျောင်းတိုက်သို့ ကြွရောက်ပြီး တနေကုန်နေ့ သန့်စင်တော်မူခဲ့ကြပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



ဗောဓိသာသနာမြေက ခတက္ကန်

"ခတက္ကန်၊ ပြောင်းဆန်က၊ ပြောင်းပြန်ဖြစ်လိမ့်မည်" ဟု မိုးညှင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမနထေရ်ကြီးတင် နိမိတ်ဖတ်ခဲ့သည့်အတိုင်း ခတက္ကန်ရွာကြီးသည် မဟာဗောဓိတထောင်ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်တွင် သာယာစည်ပင်လျက်ရှိပါသည်။

http://www.dhammadownload.com











http://www.dhammadownload.com







ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

ဆရာတော်ဘုရားကြီးသည် အသက်(၂၀) ရဟန်းဖြစ်သည့်အချိန်မှစ၍ ဘဝနတ်ထံ ပျံလွန်တော်မူသော နေ့တိုင်အောင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ လက်ရေးမှတ်တမ်းအရ ၁၃၆၇ (၂၀၀၆)ခုအထိ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ကုဋေတစ်ရာ့ငါးဆယ်တိတိ ပွားများပြီးခဲ့ကြောင်း သိရှိရပါသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများရာ၌ ဗောဓိပင်နှင့် ရွှေပလွင်ကို အောင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ပုံတော်ကို စူးစူးစိုက်စိုက် အာရုံပြုလေ့ရှိကြောင်း သိရှိရပါသည်။

အဓိဋ္ဌာန်ပြု၍ ကျင့်ကြံအားထုတ်ခဲ့သည့်နေရာများ

၁၃၁၇ (၁၉၅၆)ခု မန္တလေးဆေးရုံကြီးက ဆင်းချိန်မှစ၍ ၁၃၅၂ (၁၉၉၁)ခုအထိ မြန်မာပြည်အနှံ့ (၂၅)ဌာနတို့တွင် ကမ္မဋ္ဌာန်းတရားများကို အားထုတ်ခဲ့ပါသည်။

ပတ္တမြားတောင်၊ ရွှေမြင်တင်တောင်၊ ပုပ္ပါးတောင်၊ မင်းဝံချောင်၊ မြန်အောင်ချောင်၊ ကံ့ကော်တထောင်အစရှိသော နေရာဌာနများတွင် လှည့်လည်၍ ကျင့်ကြံပွားများအားထုတ်ခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ဂုဏ်တော်အားထား၊ အကျိုးပွား

* နိဗ္ဗာန်လိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* စိတ်ကြည်လိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* အောင်မြင်လိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ဉာဏ်ကြီးလိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ချမ်းသာစီးပွား များပြားလိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* အပူခပ်သိမ်း အေးငြိမ်းလိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ဘေးရန်ခပ်သိမ်း ကင်းငြိမ်းလိုလျှင်...
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* အဆင်းရှုပ ရှုမဝအောင် လှပလိုလျှင်...
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ရုပ်လက္ခဏာ အင်္ဂါကုံလုံပြည့်စုံလိုလျှင်
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* မျိုးနွယ်ဟိတ်ဓာတ် မြင့်မြတ်လိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ဘိညာဉ်တန်ခိုး စွာန်မျိုးရှစ်ဝ ရလိုကလျှင်..
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ရိသေခဟ ခံလိုကလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* စိမ်ခေါ်လိုဆန္ဒပြည့်ဝလိုလျှင်....
  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* လူနတ်ဦးခိုက် စေတီထိုက်လို....
  ဂုဏ်တော်ကို ပိုမိုပွားရမည်။
* သူများစိတ်ကြဲ အမှန်သိလို....
  ဂုဏ်တော်ကို ပိုမိုပွားရမည်။
* ပစ္စည်းဥစ္စာ ရတနာရွှေ, ငွေ မလျှော့စေလို ...
  ဂုဏ်တော်ကို ပိုမိုပွားရမည်။
* ဗုဒ္ဓါနုဿတိ ပွားတုံဘိ သိရှိလာလိမ့်မည်။

http://www.dhammadownload.com













http://www.dhammadownload.com

အဓိဋ္ဌာန်

စိတ်ရှည်ဖွဲ့သန်

သည်းညည်းခံ

ကျင့်ကြံအားထုတ်

ဒို့အလုပ်



http://www.dhammadownload.com













http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




ဣဒ္ဓိ၊ မဟိဒ္ဓိ၊ သိဒ္ဓိ

သိဒ္ဓိဆိုသည်မှာ လိုတရခြင်း၊ ပြီးပြည့်စုံခြင်း၊ ပေါက်မြောက်အောင်မြင်ခြင်းဖြစ်ပါသည်။ လာဘသိဒ္ဓိ၊ ဝိယသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အာယုသိဒ္ဓိအစရှိသော သိဒ္ဓိ (၄) ပါး၊ (၆) ပါး၊ (၉) ပါး၊ (၁၀) ပါး အစရှိသော သိဒ္ဓိအမျိုးမျိုးရှိပါသည်။

ထိုဣဒ္ဓိ၊ မဟိဒ္ဓိ၊ သိဒ္ဓိများကို ရရှိပြီး အကျိုးကျေးဇူးတို့ကို ခံစားနိုင်ဖို့အတွက် လောကီဝိဇ္ဇာလမ်းစဉ်က ပြဋ္ဌာန်းထားသော အတတ်ပညာလမ်းစဉ်နှင့်ဖြစ်စေ၊ အကျင့်ပဋိပတ်ပညာနှင့်ဖြစ်စေမည့် မာတုဗေဒ၊ အဂ္ဂိရတ်အတတ်ပညာနှင့် ဖြစ်စေ ကျင့်ကြံအားထုတ်ရပါသည်။

ဆရာတော် ဘဒ္ဒန္တဝေပုလ္လ (ပြည်)

http://www.dhammadownload.com



http://www.dhammadownload.com



စိတ်ကောင်းမှ ဓါတ်ကောင်း

"ဓါတ်မထိုးခင် စိတ်ကို အရင်ကောင်းအောင်ထိုးရတယ်။

ကိုယ့်စိတ်ကောင်းမှ ကိုယ့်ဓါတ်ကကောင်းတယ်။

အခု လူတွေပြောပြောနေကြတဲ့ သူတော်မှ ကိုယ်ကောင်းတယ်ဆိုတဲ့ 'သူတော်ကောင်း' ဆိုတာ သူတော်ကောင်းအစစ်မဟုတ်ဘူး။ အတုံ့အလှည့်ရှိတယ်။

သူကောင်းကောင်း၊ မကောင်းကောင်း၊ ကိုယ်က ကောင်းတဲ့သူမှ တကယ့် သူတော်ကောင်းအစစ်။


ကောင်းတယ်ဆိုတာ-ကာယကံကောင်းကောင်း၊ ဝစီကံကောင်းကောင်း၊ မနောကံကောင်းကောင်းကို ဆိုလိုတာ။

http://www.dhammadownload.com



http://www.dhammadownload.com

လက်ရေးမူ





လောကီဝိဇ္ဇာ

ညာတင်ကုတ်ဓာတ်လုံးတော်နှင့်

ကလပ်ကြီးဓာတ်လုံးတော်တို့သည် ဆရာတော်ဘုရားကြီး

သာသနာပြုရာတွင် အလွန်အကျိုးများသော

ဓာတ်လုံးတော်များဖြစ်ကြောင်း

ဆရာတော်ဘုရားကြီး ကိုယ်တိုင်မိန့်ကြားခဲ့ဘူးပါသည်။

ဆရာတော်ဘုရားကြီး၏ မိန့်မှာကြားချက်အရ

ညာတင်ကုတ်ဓာတ်လုံးတော်၊ ကလပ်ကြီးဓာတ်လုံးတော်

အပါအဝင် ဆရာတော်ဘုရားကြီး၏ ဓာတ်လုံးတော်များကို

လေးကျွန်းစကြာရပ်တော်မူဘုရားကြီး၏ ဦးခေါင်းတော်ရှိ

ခိုင်ခန့်သော ဌာပနာတိုက်ထဲတွင် လုံခြုံစွာ

ဌာပနာတော်မူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ပါရမီဆုတောင်း

အတိတ်ဘဝပေါင်းများစွာက ဖြည့်ဆည်းခဲ့သော ပါရမီ၊ ဆုတောင်းများနှင့် ယခုဘဝမှာ ကျင့်ကြံပွားများကြိုးကုတ်အားထုတ်ခဲ့သော သီလ၊ သမာဓိ၊ စရဏာစွမ်းအားတို့ကြောင့် ဆရာတော်ဘုရားကြီး၏ ဓာတ်လမ်းသည် ထူးထူးခြားခြားထွန်းပေါက်အောင်မြင်ခဲ့ပြီး သာသနာအတွက်နှင့် တပည့်သာဝကတွေအတွက် အကျိုးများခဲ့ပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com



ဂုဏ်တော် (၉) ပါး ကျေးဇူး

၁။ ကျက်သရေ တက်နေလှစေဖို့ ထက်ပေစွ အရဟံ။

၂။ ကောင်းမြတ်သည့် ကံကလျာငယ် ဉာဏ်သမ္မာသမ္မုဒ္ဓေါ။

၃။ ကြံအောင်စွ မြတ်ဝိဇ္ဇာ စရဏ သမ္ပန္နော။

၄။ ပြောသမျှ အမှုသာအောင် သုဂတာ ရွတ်ဟော။

၅။ သတင်းဂုဏ် လွန်ပြန့်ပြောစေဖို့ မြတ်လောကဝိဒူ။

၆။ ဆိုး၊ နတ်လူ နတ္ထရောရယ်နှင့် နှုတ်ပြောပ ဝိယဝါစကူ။

၇။ သတ္ထာဒေဝ စကားကြူလျှင် တစ်ပါးသူကယ်စွမ်းနိုင်ရဲ့။

၈။ ဗုဒ္ဓေါပ ပရစိတ္တံ သိရအမှန်။

၉။ ဘဂဝါ ဂုဏ်တော်လျှံမှာ ပုန်မကန် ရှောင်ရှားနိုင်ရဲ့လေး။

http://www.dhammadownload.com



http://www.dhammadownload.com

ဓူတင်ပဋိပတ်

"ဘုန်းကြီးဓူတင်တွေကောကျင့်ဖူးပါသလား" ဟု စာရေးသူ (မိဂဒါဝုန် ဆရာတော်) က မေးလျှောက်သောအခါ သုသာန်ဓူတင်ကလွဲ၍ ဓူတင် ၁၂-ပါး ကျင့်ဖူးကြောင်း အမိန့်ရှိပါသည်။

ဗောဓိတထောင် ဆရာတော်၏

ဘဝစာပန်းချီ (စာမျက်နှာ - ၁၇၉)



http://www.dhammadownload.com



http://www.dhammadownload.com

နှောင်းအတိတ်ကမ္ဘာရိပ်


ဇာတိမွေးရပ်မြေ၊ ရွာကျပ်ရွာ (ယခုရွှေတွင်းကုန်း)နှင့် (၄)မိုင်ခန့်ဝေးသော မြရိပ်တောကြီးအတွင်း လူမသိ၊ သူမသိ မြေအောက်၌ မြုပ်နေသည့် ဉာဏ်တော် (၁၃)တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ၊ ဉာဏ်တော် (၈) တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို တပည့်ကျော် မောင်ဘချစ်နှင့်အတူ ၁၃၁၈ ခု၊ တပေါင်းလပြည့်ညဉ့် အိပ်မက်အရ တူးဖော်တွေ့ရှိခဲ့ပါသည်။



ထို့ကြောင့် ဗောဓိတထောင်အလောင်းအလျာဖြစ်သော ရှင်နာရဒသည် သက်တော်(၂၆)နှစ်၊ ဝါတော် (၇) ဝါ အရတွင် ""ပေါ်တော်မူကိုယ်တော်လေး၊ ရေကိုယ်တော်လေး"ဟု လူသိများ၍ ထင်ရှားကျော်ကြားခဲ့ပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com

"က" သုံးလုံး

"က" သုံးလုံးနှင့် ပြည့်စုံအောင်နေရမယ်။ "က"သုံးလုံး ဆိုတာ

ကောင်းတာလုပ်၊ ကောင်းတာပြော၊ ကောင်းတာကြံ၊ ကာယကံ

ကောင်းကောင်း, ဝစီကံကောင်းကောင်း, မနောကံ

ကောင်းကောင်း ဒါကိုဆိုလိုတာ။



http://www.dhammadownload.com



http://www.dhammadownload.com


စိတ်မနွမ်းစေနှင့်

စိတ်ထောင်းတော့ ကိုယ်ကြေသည်။

စိတ်နွမ်းတော့ လူပန်းသည်။

ကိုယ်ဘယ်လိုပန်းပန်း စိတ်မနွမ်းစေနှင့်။

http://www.dhammadownload.com



http://www.dhammadownload.com


ရောင့်ရဲမှု

ဆင်းရဲလိုလျှင် မော်ကြည့်။

ချမ်းသာလိုလျှင် ငုံ့ကြည့်။

ရောင့်ရဲနိုင်အောင် ကျင့်ကြရမည်။

http://www.dhammadownload.com



http://www.dhammadownload.com




နိဗ္ဗာန်တံခါး

ဒါနအရင်းခံ၊ သီလ ဦးစွာထုံ၊
ဂုဏ်တော်အလယ်ထား၊
ဝိပဿနာ နောက်ဆုံးပွားပြီး၊
နိဗ္ဗာန်တံခါးဖွင့်။

http://www.dhammadownload.com



http://www.dhammadownload.com



မမေ့ကြနှင့်

နေ့တိုင်းစားပါလျက် မဝတာက အစား။

နေ့တိုင်းပြောပါလျက် မတတ်တာက စကား။

ထင်ရှားရှိပါလျက် မသိတာက တရား။


စိတ်ထောင်းတော့ ကိုယ်ကြေ၊

စိတ်လေတော့ ကိုယ်လွင့်၊

စိတ်မာတ်တွေ တည်ငြိမ်အောင် ကြိုးစားဖို့သင့်၊

မမေ့မလျော့သော သတိတရားနှင့် နေကြပါလေ။

http://www.dhammadownload.com



http://www.dhammadownload.com

ကိုယ်ချင်းစာ

ကိုယ်လိုပဲ သူများတွေလဲ ချမ်းသာလိုကြတယ်၊

ကိုယ်ချမ်းသာရေးအတွက် သူတပါးစိတ်ဆင်းရဲအောင် မလုပ်နဲ့။

ကိုယ်လိုပဲ သူများတွေလဲ စားဝတ်နေရေးအတွက် ရုန်းကန်နေကြရတယ်။


ကိုယ့်စားဝတ်နေရေးအတွက် သူများတွေကို ဒုက္ခရောက်အောင် မလုပ်နဲ့။



http://www.dhammadownload.com



http://www.dhammadownload.com



စိတ်၊ စေတနာ

စေတနာကောင်းလျှင် ကံကောင်းသည်။

စေတနာဆိုးလျှင် ကံဆိုးသည်။

စိတ်ကောင်းရှိမှ မိတ်ကောင်းရမည်။

http://www.dhammadownload.com



http://www.dhammadownload.com



ထီးတော်တင်

ဆရာတော်ဘုရားကြီးသည် စေတီပုထိုး (၈၀) ကျော်ကို
ထီးတော်တင်လှူခဲ့ပါသည်။
အချို့စေတီပုထိုးများကို (၂၅) ကြိမ်၊ (၂၇) ကြိမ်တိုင်အောင်
ထီးတော်တင်လှူခဲ့ပါသည်။



ကျောက်မဲစေတီတော် ထီးတော်တင်ရာတွင်
ဆရာတော်ဘုရားကြီးသည် သက်တော်ရွယ်တော်နှင့်
မလိုက်အောင် ဝါးပိုးငြမ်းစင်ပေါ်သို့
ကိုယ်တိုင်တက်၍ စွန့်စွန့်စားစား ထီးတော်တင်ပေးခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ညီနောင်နှစ်ပါး


၁၃၃၅ (၁၉၇၃)ခုတွင် ကဲ့ကော်တထောင် ကျောင်းတိုက် (ပြင်ဦးလွင်)
ဆရာတော် အလောင်းအလျာဖြစ်သော ဦးအဂ္ဂဝံသသည် နှစ်ပေါင်း (၁၄) နှစ်ကြာမျှ
ကွဲကွာနေသော မဟာဗောဓိတထောင်ဆရာတော် ဦးနာရဒကို သွားရောက်တွေ့ဆုံခဲ့ပါသည်။
"အရှင်ဘုရား တပည့်တော်ရဲ့ သာသနာပြုလုပ်ငန်းတွေကို ကူညီပါဦး" ဟု
မဟာဗောဓိတထောင်ဆရာတော်၏ လျှောက်ထားတောင်းပန်မှုကြောင့်
ဆရာတော် ဦးအဂ္ဂဝံသသည် ဗောဓိတထောင်ကျောင်းတိုက်တွင်
(၁၀)နှစ်ကြာမျှ သီတင်းသုံးလျက် ဗောဓိတထောင်ဆရာတော်၏ သာသနာပြုလုပ်ငန်းအဝဝကို
ကူညီတော်မူခဲ့ပါသည်။ အောင်စကြံာစေတီ၊ လျောင်းတော်မူရုပ်ပွားတော်ကြီးနှင့်
လေးကျွန်းစကြံာရုပ်တော်မူ ဘုရားကြီးတို့၏ ပုံကြမ်းများကို ထုတ်ပေးခဲ့ရကြောင်း
ဆရာတော် ဦးအဂ္ဂဝံသက အမိန့်ရှိခဲ့ပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com



၁၃၄၆-ခုတွင် ဖြဟ္မဝိဟာရကျောင်းတိုက် (ကံကော်တထောင်၊ပြင်ဦးလွင်) ဆရာတော် ဘဒ္ဒန္တပညာသာရမထေရ် ပျံလွန်တော်မူခဲ့သဖြင့် ဦးအဂ္ဂဝံသသည် ဖြဟ္မဝိဟာရကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ရပါသည်။

ဆရာတော် ဦးအဂ္ဂဝံသသည် ဗောဓိတထောင်ဆရာတော်ဘုရား အမိန့်ရှိခဲ့သော "ဝိဇ္ဇာဇော်ဂျီ၊ နှစ်ဦးတည် အထူးတလည်၊ ပြီးမည့်ဘုရား" ဟူသော စကားနှင့်အညီ မြမဋ္ဌ။ လေးဆူရှင်စေတီတော်ကြီးကို ဖြဟ္မဝိဟာရ ကျောင်းတိုက် (ကံကော်တထောင်၊ ပြင်ဦးလွင်) အတွင်း၌ တည်တော်မူခဲ့ပါသည်။

ဗောဓိတထောင်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မမူမီ (၂)ရက်အလိုတွင် "ဦးအဂ္ဂကို ဘုရားကြီးအတွက် ငွေ(၁၅)သိန်းလှူလိုက်ပါ" ဟုပြောဆိုရေးသားမှာကြားတော်မူခဲ့ပါသည်။ "ဦးအဂ္ဂ မေတ္တာ၊ မေတ္တာ၊ မေတ္တာ" ဟုလည်း တဖွဖွပြောကြားတော်မူခဲ့ပါသည်။

ဒေါက်တာထောင် ဆရာတော်ဘုရားကြီး၏
လက်ရေးပြခန်မှာကြားစာကြောင်း(၂)

၂၀-၁၁-၂၀၀၆ ရက်နေ့ (နံနက် ၁၀း၅၀)
ဦးအဂ္ဂကို ဘုရားကြီးအတွက် ငွေ(၁၅)သိန်း လှူလိုက်ပါ။

နန်းတော်အထူးကုဆေးခန်း
PALACE SPECIALIST CLINIC
71st St,Bet. 29th & 29th, Mandalay.
Ph:02-36128 , 60445 , 60446 , 60447 , 60448 , 60449
Date

http://www.dhammadownload.com



http://www.dhammadownload.com

ညောင်ပင်အိုင်ဆရာတော်ဘုရားကြီး ဦးနန္ဒောဘာသသည် ဗောဓိတထောင်ဆရာတော် ဘုရားကြီး နှင့် အတူ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂါယာ၊ နီပေါ၊ သီရိလင်္ကာနှင့် ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့သို့ သာသနာပြုရန် ကြွရောက်တော်မူခဲ့ ပါသည်။







http://www.dhammadownload.com



http://www.dhammadownload.com



ပျက်စီးကြောင်းတရား (၄) ပါး

ပျက်လျှင် မပြင်၊ ပျောက်လျှင် မရှာ၊

ဗရဖွာသုံး၊ ဉာဏ်တုံးသူအား အမှုးထား၊

လေးပါးပျက်စီးကြောင်း။

http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



ကြီးပွားတိုးတက်ကြောင်း

ဆန္ဒဝီရိယ၊ ရှိပြန်က၊ မုချတိုးတက်မည်။

စိတ်ရှည်သည်းခံ၊ အနေမှန်၊ ဧကန်တိုးတက်မည်။

ရအောင်ရှာ၊ လုံအောင်ထိန်း၊

မျှအောင်သုံး၊ ပတ်ဝန်းကျင်ကောင်းနှင့် ပေါင်း။

http://www.dhammadownload.com



http://www.dhammadownload.com



ပြည်ပသာသနာပြုခရီးများ

ဆရာတော်ဘုရားကြီးသည် ၁၉၈၈ ခု မှ ၂၀၀၄ ခုအထိ

ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊

လာအိုနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊

နယူးဇီလန်နိုင်ငံ စုစုပေါင်း နိုင်ငံ (၁၂) နိုင်ငံသို့ ကြွရောက်၍ သာသနာပြုတော်မူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

အလကားလူ

နေ့စဉ် ကုသိုလ်တစ်ခုတော့ရအောင်

အားထုတ်ကြ၊

အလကားမနေကြနဲ့၊

အလကားနေရင်


အလကားလူဖြစ်မယ်။



http://www.dhammadownload.com











http://www.dhammadownload.com

"ခ" သုံးလုံး

စဉ်းစဉ်းစားစားလုပ်။

စေ့စေ့စပ်စပ်လုပ်။

စူစူးစိုက်စိုက်လုပ်။



http://www.dhammadownload.com













http://www.dhammadownload.com



နယူးဇီလန်သာသနာခရီး

ဆရာတော်ဘုရားကြီးသည် (၂၂.၁၁.၁၉၉၉)နေ့တွင် နယူးဇီလန်နိုင်ငံ၊ ဝယ်လင်တန်မြို့သို့ ငွေကြာယံ ဆရာတော် ဘဒ္ဒန္တရေဝတ အဂ္ဂမဟာပဏ္ဍိတ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် သံဃာ့မဟာနာယက၊ နာဂလိဏ်ဝူ၊ အဖိုးကလေးဝကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ဒွိပဋ္ဌကဓရ၊ ဒွိပဋ္ဌကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော် သံဃာ့မဟာနာယကတို့နှင့်အတူ ကြွရောက်တော်မူခဲ့ပါသည်။ နယူးဇီလန်နိုင်ငံ၊ ဝယ်လင်တန်မြို့၊ မဟာဗောဓိဉာဏာရာမကျောင်းတိုက် ပရိဝိဏ်အတွင်း၌ တည်ထားကိုးကွယ်သော မဟာဗောဓိစေတီတော်ကို ထီးတော်တင်လှူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



ကုသိုလ်ဘက်ယိမ်းအောင် သတိနဲ့ထိန်းကြ

* အမြဲတမ်း မိမိစိတ်ကလေးကို သတိလေးနဲ့ ထိန်းထားနိုင်ရမယ်။ လူတိုင်း လူတိုင်းဟာ နေရင်း ထိုင်ရင်းပေမယ့် ကုသိုလ်ရရင်ရ၊ မရရင် အကုသိုလ်တော့ရမှာပဲ။ နှစ်မျိုးထဲရှိတယ်။
* ကြား ဆိုတဲ့ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ် အဗျာကတ ဆိုတာကတော့ သိပ်မဖြစ်နိုင်ဘူး။ တဖက်တော့ယိုင်ပါ လိမ့်မယ်။

ဒါကြောင့် သတိလေးနဲ့ ကုသိုလ်ဘက်ယိုင်အောင် ကြိုးစားကြ။

http://www.dhammadownload.com



http://www.dhammadownload.com

စိန်ရတု "ဂုဏ်ပူဇော"

* ဗောဓိတထောင်၊ ဆရာတော်ဘုရားလို့၊ ကမ္ဘာကျော်ကြား၊ မြတ်ဘုန်းဂုဏ်၊ မုံရွာနယ်တလွား၊ ကပ်သုံးလုံသည်၊ မြတ်ဘုန်းတေဇာ၊ ဝေဖြာလင်း၊ သစ်တစ်ပင်ကောင်း၍၊ ငှက်အပေါင်းခိုသည်၊ အလောင်းထိုသို့၊ မှတ်ကြပုံမရှင်း။

* လူနတ်ဦးခိုက်၊ ရှိပူဇော်အောင်၊ ဗောဓိတထောင်၊ စိုက်မူခင်း၊ ပြောရစ်ခုနောင်၊ ကမ္ဘာချင်းလိမ့်၊ အုံဖွယ်ဂရင်းနှစ်၊ စာရင်းဝင်၊ အနှစ်များမြောင်၊ ငါးထောင်မကအောင်၊ ဗောဓိမျိုးဆက်၊ လင်းလက်နေမည်ပင်။

* အုံဘွယ်ထူးတဲ့၊ ထေရ်မှူးသခင်ကို၊ စိန်ရတုသဘင်၊ မွေးနေ့တွဲလို
  ပူဇော်ခြိမ့်သဲ၊ အောင်ပွဲဆင်၊ ပွဲမြတ်၊ ဘိသိက်သဘင်၊
  ဖူးကြမြူးကြ၊ ထူးလှတဲ့ ဂုဏ်ပြုသဘင်ကို၊
  ဒဂုံလူ့ရှင်၊ ဂုဏ်ပြုပါရဲ့လေး။



ဒဂုံလူရှင်

http://www.dhammadownload.com



http://www.dhammadownload.com

နောက်ဆုံးနေ့များ

မဟာဗောဓိတထောင် ဆရာတော် ဘုရားကြီးသည် (၂၅-၁၀-၂၀၀၆) နေ့တွင် မန္တလေးမြို့၊ နန်းတော်ဆေးရုံသို့ တက်ရောက်ပြီး ဆေးဝါးကုသမှုခံယူတော်မူခဲ့ပါသည်။

(၁၅-၁၁-၂၀၀၆) နေ့တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ကြွရောက်၍ ဆေးဝါးကုသရန် စီစဉ်ခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် (၁၉-၁၁-၂၀၀၆)နေ့၌ မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူခဲ့ရပါသည်။




http://www.dhammadownload.com



ဘဝနှင်းဆီပျံလွှန်တော်မမူမီ နောက်ဆုံးနေ့များ (၁၃-၉-၂၀၀၆ - ၁၆-၉-၂၀၀၆)


http://www.dhammadownload.com



ဆရာတော်ဘုရားကြီးသည် (၂၂.၁၁.၂၀၀၆) ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၂း၃၅) နာရီတွင် မန္တလေးမြို့ရှိ၊ မြို့တော်ဆေးရုံ၌ ပတ္တမြားဘုရားရုပ်ပွားတော်ကို စူးစူးစိုက်စိုက် အာရုံပြုရှိခိုးပူဇော်လျက် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ပျံလွန်တော်မမူမီ နောက်ဆုံးအချိန်အထိ နှုတ်ဖြင့် လည်းကောင်း၊ စာဖြင့် လည်းကောင်း လိုအပ်သော ကိစ္စအဝဝကို ပြောဆို ရေးသားမှာကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

ဗောဓိတထောင်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို

မန္တလေးမြို့မှ ဗောဓိတထောင်ကျောင်းတိုက်သို့ ရဟတ်ယာဉ်

ဖြင့် ပင့်ဆောင်ခဲ့ပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com

လူဖြစ်ရှုံး၊ နှစ်အုံးပါယ်လေးရွာ

ကိုယ့်ကိုကိုယ်တွေး၊ ကိုယ်မေးကြည့်ပါ။

နေ့စဉ်အားထုတ်၊ အလုပ်ဘယ်ဟာ။

ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ

လူဖြစ်ရှုံး၊ နှစ်အုံးပါယ်လေးရွာ။



http://www.dhammadownload.com



http://www.dhammadownload.com



အန္တိမစျာပန

ဗောဓိတထောင်ဆရာတော်

ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို

(၇) ရက်ကြာမျှ သာဓုကီဠာနသဘင်

ဆင်ယင်ကျင်းပပြီးနောက် အန္တိမစျာပနကို

ကျင်းပခဲ့ပါသည်။


http://www.dhammadownload.com



http://www.dhammadownload.com







နောက်ဆုံးပဋိဇော်သက္ကာရ

ဖြဟ္မဝိဟာရကျောင်းတိုက် (ကုံကော်တထောင်) ပြင်ဦးလွင်၊ ဆရာတော် ဦးအဂ္ဂဝံသအမှူးပြုသော တပည့်သံဃာတော် အပေါင်းက ဗောဓိတထောင်ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော အရိုးပြာတို့ကို ဌာပနာမသွင်းမီ တရိုတသေ အမြတ်တနိုး ပူဇော်ကြပြီးနောက် အရိုးအိုး စေတီတည်ထားခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



သာသနာ့ဝန်ထမ်း


သာသနာ့ဝန်ထမ်းနှင့် တူအောင်နေကြ၊

သာသနာက ကိုယ့်ဝန်ကို မထမ်းရစေနှင့်။





http://www.dhammadownload.com



http://www.dhammadownload.com

သူသာန်ကြောက်လျှင်

ရုပ်နာမ်ကိုချစ်သမျှတော့ သုသာန်ပစ်နေရမှာပဲ။

ရုပ်နာမ်ကို မုန်းမှသာ သုသာန်ကဆုံးမယ်။

ဒါကြောင့် သုသာန်ဆုံးချင်လျှင်

ရုပ်နာမ်ကို မုန်းနိုင်အောင် ကြိုးစားကြရမယ်။



http://www.dhammadownload.com



http://www.dhammadownload.com



ထုတ်ဝေပြီးစာအုပ်စာတမ်းများ

* ဗောဓိတထောင်သမိုင်း
* ဘဝစာပန်းချီ (နှစ် ၆၀ - ဘဝခရီး)
* စိန်ရတုဂုဏ်ပူဇော်စာစောင်
* ဂုဏ်ပူဇော်မှတ်တမ်းလွှာ
* သြဝါဒစကားများ
* နယူးဇီလန်တရားတော်
* သာသနာခရီး
* (၉) ဂဏန်းနှင့် လေးကျွန်းစကြာ ရပ်တော်မူ ဘုရားကြီး
* ညာတင်ကုတ်နှင့် ကလပ်ကြီးဓာတ်လုံးတော်များ



http://www.dhammadownload.com
























http://www.dhammadownload.com

အစ အဦး ဒါယကာထူးများ

ဗောဓိပင်အစ ဦးအောင်ထူးက၊ မြေအစ ဦးအုန်းမောင်က၊

ဗောဓိပလ္လင်အစ ဦးသာရင်က၊ ကျောင်းအစ ဦးအောင်ဖေက၊

ရဟန်းဒါယကာအစ ဦးထိန်က၊ ဒီပါအေးအစ ဦးထွန်းမောင်က၊

သိမ်အစ ဦးအုန်းဖေက၊ အောင်စကြာအစ ဦးလှမင်းက၊

လျောင်းတော်မူအစ ဒေါ်အေမီမင်းက၊

ရပ်တော်မူအစ ဦးထွန်းနေဝင်းက၊

ဗိမာန်တော်ကြီးအစ ဦးသြဘာသ (ဦးဇင်းဖြိုး)က။



http://www.dhammadownload.com









http://www.dhammadownload.com



ရွှေလှံတော်ဘုရား

၁၃၂၆ (၁၉၆၄)

မင်းတုန်းမင်းကြီး၏ ရွှေလှံတော်ကို

ဌာပနာတည်ထားသော ဘုရားဖြစ်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



သံသရာအေးဘုရား

၁၃၃၀ (၁၉၆၈)

မင်းတုန်းမင်းကြီး၏ မားတော်ကို ဌာပနာထားသည့်

ဘုရားဖြစ်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီပါအေးဘုရား

ကျေးဇူးတော်ရှင် နန်းဦးဆရာတော်ဘုရားကြီးနှင့် အတူ
အစအဦး ဗောဓိပင်စိုက်ခဲ့သော ဗောဓိကွင်းဖြစ်ပါသည်။
၁၃၃၇ (၁၉၆၇)ခုတွင် ဒီပါအေးဘုရား၌ ၄၅ ရက်
အဓိဋ္ဌာန်ဝင်၍ ကလာပ်ကြီး ဓါတ်လုံးကို
ထိုးတော်မူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ထန်းစေတီ

ခင်ဝင်း (ဝဋ်ဂု)

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



အောင်စကြာစေတီတော်ကြီး

အောင်စည်ရိုက်ဦးစေတီထူး

၁၃၄၁ (၁၉၇၉)

အမြင့် ၂၂၅ ပေ၊ ဖိနပ်တော် ၂၁၆ ပေ - ၉ လက်မ၊

မုခ်ဦးဘုရား ၄ ဆူ၊ ဂြိုဟ်ဘုရား ၈ ဆူ၊ အရုန်စေတီပေါင်း


၁၀၆၀ ဆူ၊ ထီးတော်အမြင့် ၃၅ တောင်၊ မျက်နှာ၀

အကျယ် ၈ တောင် - ၁ ထွာ

၁၃၄၈ ခု၊ တန်ခူးလဆန်း ၁၄ - ၁၅ ရက်

(၁၂၊ ၁၃-၄-၁၉၈၇)နေ့တွင် ထီးတော်တင်လှူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com





အောင်စကြာစေတီတည်မည့် နေရာ၌ ပုဂ္ဂိုလ်တစ်ဦးနှင့် တပည့်ကျော်
မောင်ဘချစ်တို့ အဓိဋ္ဌာန်ဝင်နေကြစဉ်....

http://www.dhammadownload.com



http://www.dhammadownload.com

စိတ်ယုတ်မာ ထိန်းချုပ်ပါ၊ စိတ်မာန်ချ နိဗ္ဗာန်ရ

* ငါ၏ ကိုယ်တွင် လောဘဝင်က ဝင်လာလောဘ အနိုင်ရအောင် လောဘကင်းစင်ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုးရှိခိုး ပါ၏ဘုရား။
* ငါ၏ ကိုယ်တွင် ဒေါသဝင်က ဝင်လာဒေါသအနိုင်ရအောင် ဒေါသကင်းစင်ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား။
* ငါ၏ ကိုယ်တွင် မောဟဝင်က ဝင်လာမောဟ အနိုင်ရအောင် မောဟကင်းစင်ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား။
* သြော်-ဘုရားရှင်ဂုဏ် သည်အာရုံဖြင့် မတုန်မလှုပ် ငါ့ကိုယ်ရုပ်လည်း ကြမ်းကြုတ်သည့် ရုန် အောင်ပွဲခံလျက် ပူပန်မှုဘေး ကင်းစင်ဝေးသည် စိတ်အေးငြိမ်းချမ်း နေသည်တကား။



http://www.dhammadownload.com



http://www.dhammadownload.com

မီးလွတ်စားနည်း

မီးလွတ်စားနည်းဆိုတာ ရှိသေးတယ်။ မီးလွတ်ဆိုတာ မီးနဲ့ချက်တာ မချက်တာ ပြောတာမဟုတ်ဘူး။ သစ်သီးဝလံပဲဖြစ်ဖြစ် စားချင်တဲ့ လောဘမီး၊ မစားချင်တဲ့ ဒေါသမီး၊ ဘာမှမသိတဲ့ မောဟမီးတွေ ရှောင်ခွာပြီး လွတ်အောင်စားတတ်ရင် မီးလွတ်တာ ပါပဲ။



http://www.dhammadownload.com



http://www.dhammadownload.com




လျောင်းတော်မူကြီး

၁၃၅၂-ခု၊ ပြာသိုလပြည့်ကျော် (၉)ရက်၊
(၈-၁-၁၉၉၁) နေ့တွင် ပလ္လင်တော်ကြီးကို
ပန်းတိုင်ခဲ့ပါသည်။

၁၃၅၃-ခု၊ ဝါခေါင်လဆန်း (၃) ရက်၊
(၁၃-၈-၁၉၉၁) နေ့တွင် လျောင်းတော်မူကြီးကို
ပန်းတိုင်ခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



လျှောင်းတော်မူကြီး

ပလ္လင်တော်ကြီးမှာ အလျား ၃၂၂ ပေ - ၆ လက်မ၊ အနံ ၆၀ ပေ ရှိပါသည်။

လျှောင်းတော်မူကြီးမှာ အလျား ၃၀၀ ပေ၊ အနံ ၃၇ ပေ - ၆ လက်မရှိပါသည်။

လျှောင်းတော်မူကြီး၏ ဦးခေါင်းတော်အမြင့်မှာ ၆၀ ပေရှိပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



လေးကျွန်းစကြာရုပ်တော်မူရုပ်ပွားတော်ကြီး

၁၃၅၇ ခု၊ ကဆုန်လဆန်း (၁၀) ရက်

(၈-၅-၁၉၉၅) နေ့တွင် ပန္နက်တော် မင်္ဂလာပြုခဲ့ပါသည်။

၁၃၆၉ ခု၊ တပို့တွဲလဆန်း (၁၄) ရက်

(၂၀-၂-၂၀၀၈)နေ့တွင် အနေကဇာတင်

မင်္ဂလာပြုခဲ့ပါသည်။

ဉာဏ်တော်အမြင့် ၄၂၄ ပေရှိပြီး အထပ်ပေါင်း ၃၁ ထပ်

ရှိပါသည်။

http://www.dhammadownload.com
















http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com





လောကဓံတရား တွေ့ကြုံခြင်း စိတ်ထားခိုင်ပါစေ

* တစ်ခုမရ၊ တစ်ခုရ၊ ရသည့်အတွက်၊ မာန်မတက်ရ။
* တစ်ခုမဆုံး၊ တစ်ခုဆုံးမှာ၊ ဆုံးသည့်အတွက်၊ စိတ်မပျက်ရ။
* တစ်ယောက်မခင်၊ တစ်ယောက်ခင်၊ ခင်သည့်အတွက် မာန်မတက်ရ။
* တစ်ယောက်မမုန်း၊ တစ်ယောက်မုန်း၊ မုန်းသည့်အတွက် စိတ်မကွက်ရ။
* သူ-မကဲ့ရဲ့၊ သူကဲ့ရဲ့မှာ၊ ကဲ့ရဲ့သည့်အတွက်၊ စိတ်မပျက်ရာ။
* သူ-မချီးမွမ်း၊ သူချီးမွမ်းမှာ၊ ချီးမွမ်းသည့်အတွက်၊ မာန်မတက် ရာ။
* ဝမ်းသာဖွယ်ကြုံ၊ ပြည့်စုံသောခါ၊ ပြည့်စုံသည့်အတွက်၊ မာန် မတက်ရာ။
* ဝမ်းနည်းဖွယ်ကြုံ၊ တွေ့ဆုံသောအခါ၊ တွေ့ဆုံသည့်အတွက် စိတ်မပျက်ရာ။

http://www.dhammadownload.com



http://www.dhammadownload.com

“မ”သုံးလုံး

သူများအကျိုး ပျက်စီးစရာကို

ဘယ်အခါမှ

မလုပ်နှင့်

မပြောနှင့်

မကြံနှင့်။

http://www.dhammadownload.com



http://www.dhammadownload.com

ငါမရှိရင် ငါ့ဆက်တန်ခိုးကြီးတဲ့သူ လာလိမ့်မယ်


၁၃၇၀ ခု၊ တပေါင်းလပြည့်နေ့ ည (၉) နာရီအချိန်

(၂၃.၃.၂၀၀၈)နေ့တွင် ဆရာတော်ကြီးအား အမိဌာန်ပြု၍

လေးကျွန်းစကြာရပ်တော်မူဘုရားကြီးကို မာတ်ပုံရိုက်ခဲ့ရာ

လပြည့်ဝန်းနှင့် အတူ အဝန်း၊ အဝိုင်း၊ အလင်းလုံး များကို

ကောင်းကင်၌ ဆန်းဆန်းကျယ်ကျယ် ဖူးတွေ့ရစဉ်



http://www.dhammadownload.com



http://www.dhammadownload.com

အပြစ်ရှိရင် ခွင့်လွှတ်

မေတ္တာဟာ တကမ္ဘာလုံးခန်းခြောက်ကုန်ကြပြီ။ သူ့ကိုယ်
မကြည့်ချင်၊ ကိုယ့်သူ မကြည့်ချင်ဖြစ်ကုန်ကြပြီနော်။
ခေတ္တခဏတွေ့ကြတဲ့အခါ အပြစ်ရှိရင် ခွင့်လွှတ်။ သတ္တဝါတွေ
ချမ်းသာကြပါစေဆိုတဲ့ စိတ်မွေး။



http://www.dhammadownload.com



http://www.dhammadownload.com



သူတို့လို့မဖြစ်စေနဲ့

* မာရ်နတ်လို့ မယုတ်မာနဲ့။
* ဒေဝဒတ်လို့ မကြံစည်နဲ့။
* အဇာတသတ်လို့ လူပေါင်းမမှားနဲ့။
* ဒဿဂီရိလို့ အချစ်မကြီးနဲ့။
* ဇူဇကာလို့ အစားမကြီးနဲ့။
* စူဠသုဘဒ္ဒါလို့ ရန်ညှိုးမထားနဲ့
* မဗျိုင်းမလို့ ဘဝမမွေနဲ့။
* အာဠာဝကလို့ ဒေါသမကြီးနဲ့။
* အင်္ဂုလိမာလလို့ မရက်စက်နဲ့။
* အရှိန့်အသိ ထာဝရမြဲပါစေ။

http://www.dhammadownload.com



http://www.dhammadownload.com

တစ်ဆူမှ တစ်ဆူသို့

ဆရာတော်ကြီး ငယ်စဉ်အခါက ဘုရားတစ်ဆူ၏

ပလ္လင်ပေါ်မှ အခြားဘုရားတစ်ဆူ၏ ပလ္လင်ပေါ်သို့

ခုန်ကူးပြီး မျက်နှာတော်သစ်လေ့ရှိသော

ဘုရားဆင်းတုတော်များ

ဆရာတော် ဦးအဂ္ဂဝံသ၏

မိန့်ကြားချက်





ဗောဓိပင်ဆိုသည်မှာ

မဟာဗောဓိညောင်ပင်သည် မြတ်စွာဘုရား၏
ဖွားဖက်တော် ခုနစ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။
ထို့အပြင် မြတ်စွာဘုရား သစ္စာလေးပါးကို သိမြင်ရာ
သစ်ပင်မြတ်လည်း ဖြစ်သည်။ ထို့ကြောင့်
မဟာဗောဓိညောင်ပင်သည် စေတီလေးမျိုးတို့တွင်
"ပရိဘောဂစေတီ" အဖြစ်ဖြင့် ကိုးကွယ်ထိုက်
အပူဇော်ခံထိုက် နေပေသည်။

http://www.dhammadownload.com



http://www.dhammadownload.com



မဟာဗောဓိပင်များအမည်

၁။ ကံ့ကော်ဗောဓိပင်
၂။ သရက်ဖြူဗောဓိပင်
၃။ ညောင်ကြပ်ဗောဓိပင်
၄။ နဘဲဗောဓိပင်
၅။ ထောက်ကြန့်ဗောဓိပင်
၆။ ကြောင်လျှာဗောဓိပင်
၇။ ထင်းရှူးဗောဓိပင်
၈။ မအူကြီးဗောဓိပင်
၉။ ကြခတ်ဝါးဗောဓိပင်
၁၀။ ရေခဲတက်ဗောဓိပင်
၁၁။ စကားဗောဓိပင်
၁၂။ မျက်နှာပန်းဗောဓိပင်

၁၃။ မဟာလှေကားဗောဓိပင်
၁၄။ ပိတောက်ဗောဓိပင်
၁၅။ သျှိသျှားဗောဓိပင်
၁၆။ သခွတ်ဗောဓိပင်
၁၇။ သရက်ဖြူဗောဓိပင်
၁၈။ အင်ကြင်းဗောဓိပင်
၁၉။ ကုက္ကိုဗောဓိပင်
၂၀။ ရေသဖန်းဗောဓိပင်
၂၁။ ပညောင်ဗောဓိပင်
၂၂။ ညောင်ဗုဒ္ဓဟောဗောဓိပင်

http://www.dhammadownload.com



http://www.dhammadownload.com


ကာလ (၃) ပါး

အတိတ်ကို မပြန်နဲ့၊ အနာဂါတ်ကို မကြံနဲ့။

ပစ္စုပ္ပန်ကို မတွယ်နဲ့၊ ဖြစ်ပျက်ကို မြင်အောင်ရှု။



http://www.dhammadownload.com



http://www.dhammadownload.com

ဆင်ခံဘုရားကြီး

ဆရာတော်ကြီးကို အလွန်ကြည်ညိုလေးစားပြီး ဗောဓိတထောင်ကျောင်းတိုက်ကြီး ၏
ပစ္စည်းလေးပါး ဒါယကာတစ်ဦးဖြစ်သော ဦးသန်းထိုက် (ကွယ်လွန်)၏ ဆင်ခံဘုရားကြီး



http://www.dhammadownload.com



http://www.dhammadownload.com

အဆင်းနဲ့ အတက်

အကုသိုလ်က အဆင်းနဲ့တူတယ်။

ကုသိုလ်က အတက်နဲ့တူတယ်။

အဆင်းကလွယ်တယ်၊ အတက်က ခက်တယ်။

ကုသိုလ်က အားထုတ်ရတယ်။

ကုသိုလ်များများရပါစေ။

သေတဲ့အခါ ဒီနှစ်ခုပဲ ပါမှာ။



http://www.dhammadownload.com



http://www.dhammadownload.com

နဂါးရုံဘုရားများ

ဆရာတော်ကြီး၏ အစီအမံ၊ စီစဉ်ညွှန်ကြားမှုတို့ဖြင့် ဆောက်လုပ်

ကိုးကွယ်တည်ထားကြသော ကုသိုလ်ရှင်အချို့၏ နဂါးရုံဘုရားများ



http://www.dhammadownload.com



http://www.dhammadownload.com

တာဝါတိုင်ထိပ်က ဘုရားငါးဆူ

ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသော ကုမ္ပဏီဝန်ထမ်း (၅) ဦးအနက်မှ မိန်းကလေးတစ်ဦးကို အကြောင်းပြု၍ ဝန်ထမ်း (၅) ဦးတို့သည် ဆရာတော် ဘုရားကြီး၏ ကျေးဇူးကြောင့် ချက်ချင်းလက်ငင်း ဘုရားဒကာ၊ ဘုရားဒကာမများဖြစ်သွားခဲ့ကြပါသည်။



ဘုရားငါးဆူ၏ ဘွဲ့မည်တော်တို့မှာ - "ကမ္ဘာအေး၊ ဒီပါအေး၊ မြန်မာအေး၊ သံသရာအေး၊ ရန်ဘယာဝေး" တို့ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် အနေကဇာတင်ပေးတော်မူခဲ့ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com




မဟာဗောဓိတထောင် တို့က်ခွဲများ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင်လည်းကောင်း၊ ဒဂုံမြို့သစ်တောင်းပိုင်တွင်လည်းကောင်း၊ မဟာဗောဓိတထောင် ကျောင်းတိုက်ခွဲများ ဖွင့်လှစ်တည်ထောင်၍ အခြေခံမူလတန်းပညာ၊ ကွန်ပျူတာပညာ၊ အင်္ဂလိပ်စာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုတို့ကို သင်ကြားပေးလျက်ရှိပါသည်။

http://www.dhammadownload.com




http://www.dhammadownload.com



ဘုရားကြီးတည် ကျောင်းကြီးဆောက်

"ငါက...ဘုရားကြီးတည်မယ်။ သီလရှင်တို့.
ကျောင်းကြီးဆောက်"ဟု
ဆရာတော်ဘုရားကြီးက မြဝတီ သီလရှင် စာသင်တိုက်
မန္တလေးမှ ဆရာကြီး ဒေါ်ပညာဝတီနှင့် ဒေါ်ရူပသီဂီတို့.ကို
၁၉၉၅ ခုနှစ်တွင် မိန့်ကြားတော်မူခဲ့ပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com

မြဝတီသီလရှင်စာသင်တိုက်

ဆရာကြီး ဒေါ်ပညာဝတီသည် မြေနဲ့ဇာတိဖြစ်သောကြောင့် ငယ်စဉ်ကပင် ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးခဲ့ပါသည်။ ဓမ္မာစရိယအောင်၍ မန္တလေးသာသနာ ပြုရန် လျှောက်ထားခဲ့ရာ ''မန္တလေးမှာ သီလရှင်တို့ ပြုခဲ့ဖူးသော ကောင်းမှုများ ရှိတယ်။



သီတင်းကျွတ်ရောက်ရင် နေရာမှန်ရောက်ကြ လိမ့်မယ်''ဟု အမိန့်ရှိခဲ့ပြီး ဝါဓဝင်မီ မန္တလေး သို့ သွားခွင့်ပြုခဲ့ပါသည်။ ထို့ပြင်သာသနာ အမည်ကိုလည်း ''မြဝတီ'' ဟု ချီးမြှင့်တော် မူခဲ့ပါသည်။


http://www.dhammadownload.com



http://www.dhammadownload.com

မဟာဗောဓိဗိမာန်တော်ကြီး

ဆရာကြီး (၂) ပါးသည် ဆရာတော်ဘုရားကြီး၏ ဩဝါဒစကားနှင့် မေတ္တာရိပ်ကို ခိုလှုံကာ အပတ်တကုတ်ကြိုးပမ်းအားထုတ်ခဲ့သည့်အတွက် ယခုအခါ၌ အလျား ၂၁၆ ပေ၊ အနံ ၁၀၈ ပေ၊ ဉာဏ်တော် ၆၂ ပေ အထွက်မူသော မဟာဗောဓိဗိမာန်တော် (၄) ထပ်ကျောင်းဆောင်ကြီးကို ဆောက်လုပ်လျက်ရှိပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com



ဗုဒ္ဓယဉ်ကျေးမှုပြတိုက်

ရှေးဟောင်းအနုပညာပစ္စည်းများ၊ ထူးထူးဆန်းဆန်း

ဂမ္ဘီရပစ္စည်းများကို အလွန်စိတ်ဝင်စားပြီး အမြဲတန်း စုဆောင်း

သိမ်းဆည်းလေ့ရှိသော ဆရာတော်ကြီး၏ ပြတိုက်



http://www.dhammadownload.com















http://www.dhammadownload.com



သတိတရား


သဒ္ဓါလွန်လျှင် ဆွဲ့သည်။ ပညာလွန်လျှင် ကွန့်သည်။

ဝီရိယလွန်လျှင် ပျံ့သည်။ သတိရှိတာ လွန်သည်မရှိ။

http://www.dhammadownload.com








http://www.dhammadownload.com



ကြောက်စရာ

စီးပွားနည်းမှာပဲ ကြောက်ကြတာ၊ ကုသိုလ်နည်းမှာ မကြောက်ကြဘူး။

စီးပွားနည်းလျှင် တစ်ဘဝပဲ ဆင်းရဲတာ၊ ကုသိုလ်နည်းလျှင်

တသံသရာလုံး ဆင်းရဲမှာ။ လူ့တစ်ဘဝဆိုတာ တသံသရာလုံးနှင့်စာလျှင်

ဘာမျှပြောပလောက်တာမဟုတ်ဘူး။

http://www.dhammadownload.com

ဓမ္မဒါနအလှူရှင်များ

၁။ နာယကဆရာတော်များ၊ မဟာဗောဓိတထောင်ကျောင်းတိုက် ၅၀၀၀၀၀/-
၂။ ဒေါ်ပညာဝတီ၊ ဒေါ်ရွှေသိဂီ(မြဝတီသိလရှင်စာသင်တိုက်) မန္တလေး ၁၅၀၀၀၀/-
၃။ ဦးသက်တင်+ဒေါ်ခင်ဇွဲနွဲ့၊ သား-ကိုကျော်စော+မမြင့်ခိုင်ခိုင်စိုး၊
သား-ကိုထင်ကျော်+မမွန်မွန်သန့်ဇင်၊ မြေး-ရှားလတ်မွန်ဇင်-ဒင်နီရယ် ၁၀၀၀၀၀၀/-
၄။ ဦးလှခင်မောင် + ဒေါ်ငွေးငွေး မိသားစု၊ ရန်ကုန် ၂၀၀၀၀၀/-
၅။ ဦးကျော်ဝင်း+ဒေါ်လတ်လတ်၊သား-ကိုထွန်းအောင်ကျော်+မအေးအေးတင် ၂၀၀၀၀၀/-
မိသားစု (ပါဝါရွှေဆိုင်)ရန်ကုန်
၅။ HALLMARK GEMS AND JEWELLERY မိသားစု၊ ရန်ကုန် ၂၀၀၀၀၀/-
၇။ ဆရာတော် ဦးဥဇ္ဇာမ (အမေရိကန်) ၁၀၀၀၀၀/-
၈။ ဒေါ်လှထူးမေ၊ ဦးဗစ်တာနှင့် ဦးဘရိုင်အင် မောင်နှမသုံးဦး၊ဘန်ကောက် ၁၀၀၀၀၀/-
၉။ ဦးမျိုးဝင်း (MGRG) + ဒေါ်ခင်စန်း မိသားစု၊ မုံရွာ ၁၀၀၀၀၀/-
၁၀။ ဒေါ်လဲ့လဲ့ယု (နှတ်သမီးအိမ်မက်) နေပြည်တော် ၁၀၀၀၀၀/-
၁၁။ သီရိသုခမွမကိစ္စတရ၊ ရွှေပင်ငွေပင်ဦးသန်းထွန်း+ဒေါ်အေးမြင့်
ရွှေပင်ငွေပင်ပရိဘောဂမိသားစု၊ ရန်ကုန်
၁၂။ ဦးရဲမြင့် + ဒေါ်သက်မူငွေး မိသားစု၊ ရန်ကုန် ၁၀၀၀၀၀/-
၁၃။ ဦးစောရီ + ဒေါ်စောခင်လေး မိသားစု၊ ပြင်ဦးလွင် ၁၀၀၀၀၀/-
၁၄။ ဒေါက်တာ ဒိုရင်းလတ် (အထူးကုဆရာဝန်ကြီး) ၁၀၀၀၀၀/-
(CONCORD HOSPITAL) မိသားစု၊ (ဆစ်ဒနီ၊ ဩစတေလျား)
၁၅။ ဦးလန်းတင် + ဒေါ်ခင်ချမ်းငြိမ်း မိသားစု၊ ဆစ်ဒနီ၊ ဩစတေလျား ၁၀၀၀၀၀/-
၁၆။ ဆွန်းရီ မိသားစု၊ ဆစ်ဒနီ၊ ဩစတေလျား ၁၀၀၀၀၀/-
၁၇။ ဖခင် ဦးဟန်ရှိန်အား ရည်စူး၍ သား-ကိုဝင်းထွတ်ရှိန်၊ မြောင်းမြ ၁၀၀၀၀၀/-
၁၈။ ဦးအောင်မြတ်+ဒေါ်ချောသီရိခိုင် မိသားစု ၁၀၀၀၀၀/-
ပညာရွှေတောင် စာပေတိုက်၊ ရန်ကုန်
၁၉။ ဦးတင်အောင်ဝင်း+ဒေါ်အေးအေးသန်း(ကောင်းမြတ်မွန်မိသားစု)၊ မုံရွာ ၁၀၀၀၀၀/-
၂၀။ ကိုစိုးဝင်းသိန်း+မခိုင်မြင့်ရီ (အဓိပတိ ပုံနှိပ်လုပ်ငန်း)၊ ရန်ကုန် ၁၀၀၀၀၀/-
၂၁။ ဒေါ်ဝင်းဝင်းသန်း၊ သမီး-မစောဟိန္နာ၊ မစောနန္ဒာ၊ မြတ်သုခမိသားစု ၁၀၀၀၀၀/-
၂၂။ ဦးမြသိန်း+ဒေါ်ပေါ (ပန်းပုပညာရှင်၊ ချောင်ဦး) မိသားစု ၅၀၀၀၀/-
၂၃။ ယောက်တော်ဆရာလေး အမွှာညီအစ်မ မိသားစု၊ ရန်ကုန် ၅၀၀၀၀/-
၂၄။ ဦးမြင့်ဆွေ + ဒေါ်အုန်းသင်၊ သမီး ခင်အေးဆွေ မိသားစု၊ မန္တလေး ၅၀၀၀၀/-
၂၅။ ဆရာကြီး ဦးရဲအောင် + ဒေါ်စီအောင် မိသားစု၊ ရန်ကုန် ၅၀၀၀၀/-
၂၆။ ဦးကျော်မိုး + ဒေါ်နေမြင့်ခြည် ၅၀၀၀၀/-
(ရာမညစားသောက်ဆိုင်၊ ဗောဓိတထောင်) မိသားစု
၂၇။ ဦးတင်မိုး+ဒေါ်မြနှင်းဝေ၊ သား-မောင်သန့်ဇင်ခန့်၊ မောင်အောင်နိုင်မိုး ၅၀၀၀၀/-
ဆူပါစိမ်းနှင့်ရွှေပြည်လှဲ့ ကျောက်ဖျက်ကုမ္ပဏီမိသားစု
၂၈။ ဦးမျိုးဇော် + ဒေါ်စန်းစန်း မိသားစု၊ ရန်ကုန် ၃၀၀၀၀/-
၂၉။ ကိုကျော်မျိုးအောင်၊တိုက်(၃၁)၊အခန်း(၁)၊ဦးဝိစာရအိမ်ရာ၊၁၀ရပ်။ ၂၅၀၀၀/-
၃၀။ ဖိုလ်မှူးရန်နိုင်+ ဒေါ်ခင်မိုးမိုးထွန်း မိသားစု၊ ရန်ကုန် ၂၀၀၀၀/-
၃၁။ ဦးရွှမ်း+ဒေါ်ခင်နှင်းသက် မိသားစု၊ မိုးကုတ် ၂၀၀၀၀/-
၃၂။ ဦးမျိုးမြင့်ထွန်း+ဒေါ်ဥမ္မာအောင် မိသားစု၊ ရန်ကုန် ၂၀၀၀၀/-
၃၃။ ဦးအုန်းကျော်+ဒေါ်ဇွဲနွဲ့အုန်း မိသားစု၊ ရန်ကုန် ၂၀၀၀၀/-
၃၄။ ဦးမိုးအောင်သူ+ဒေါ်မြင့်မြင့် မိသားစု၊ ရန်ကုန် ၂၀၀၀၀/-
၃၅။ ဒေါ်ခင်ဆွေဇာ၊ ဒေါ်ရီရီတင်၊ ပခုက္ကူ ၂၀၀၀၀/-
၃၆။ ဒေါ်သိန်းသိန်းလှနှင့် သူငယ်ချင်းများ(တောင်ကြီးကောလိပ်) ၂၀၀၀၀/-
၃၇။ မမိုးဇော်၊ သား-သိခဲဇော် မိသားစု၊ ရန်ကုန် ၂၀၀၀၀/-
၃၈။ ဦးသူရဇော် + ဒေါ်ဝင်းဝင်းအိ၊ သားသန့်ဇင်ဦးမိသားစု ၂၀၀၀၀/-
၃၉။ ဦးသိန်းမြင့်+ဒေါ်မာလာဝင်း ဟိန်းကုမ္ပဏီမိသားစု၊ မန္တလေး ၁၅၀၀၀/-
၄၀။ ဦးထွန်းကြည်+ဒေါ်ကြည်ဟန် မိသားစု၊ ရန်ကုန် ၁၁၀၀၀/-
၄၁။ ဒေါ်ဝိလာသီ၊ ဒေါ်ယုကေသီ၊ မြဝတီတိုက် (၂)၊ မန္တလေး ၁၀၀၀၀/-
၄၂။ ဒေါ်နီမလ၊ မြဝတီတိုက် (၄)၊ မန္တလေး ၁၀၀၀၀/-
၄၃။ ဦးအောင်ဇော်ဝင်း+ဒေါ်သဇင်ဝင်း မိသားစု ၁၀၀၀၀/-
မြန်မာနိုင်ငံသံရုံး၊ သီရိလင်္ကာ
၄၄။ ဦးသန်းဦး+ဒေါ်မြမြမိသားစု ပန်းရန်ပညာရှင်၊ ဗောဓိတထောင် ၁၀၀၀၀/-
၄၅။ ဦးကြည်ဝင်း+ဒေါ်သိန်းငွေး မိသားစု၊ ပခုက္ကူ ၁၀၀၀၀/-
၄၆။ ဆရာ ဦးအောင်ကျော်မိုး+ဒေါ်ခင်ခင်ကြူ ၁၀၀၀၀/-
(ဓမ္မာစရိယ၊ နက္ခတ္တဗေဒပညာရှင်) မိသားစု၊ ရန်ကုန်
၄၇။ ထူးကွန်ဟျုတာ မိသားစု၊ လမ်း-၅၀၊ အနော်ရထာ၊ ရန်ကုန် ၁၂၅၀၀/-
၄၈။ မရွှေစင်ထွန်း (ရွှေပင်ငွေပင်) ရန်ကုန် ၅၀၀၀/-
၄၉။ ဦးဘချစ်+ဒေါ်သိန်းရီ မိသားစု၊ ဗောဓိတထောင် ၅၀၀၀/-
၅၀။ မမာလာချို (အေးရိပ်မွန်)၊ ရန်ကုန် ၅၀၀၀/-
၅၁။ ဦးသောင်းဟန်+ဒေါ်ညွန့်ညွန့်မွေးအား အမှူးထား၍ ၅၀၀၀/-
ကိုဟန်လင်းဦး၊ ခရမ်းခြို
၅၂။ သမ္မန္ဓပဒုတိ ဆရာဦးအောင်မြင့်၊ မဟာဝိဇယ ၅၀၀၀/-
၅၃။ ကိုဝင်းဆွေ+မခင်နွေဦး၊ သမီး-စိမ့်စိမ့်သူ မိသားစု (ကက/၈၉၅၁) ၅၀၀၀/-
၅၄။ ဆရာ ဦးအောင်သန့်၊ နှင့် ဇနီး မိသားစု၊ ၄၀၀၀/-
နက္ခတ္တဗေဒပညာရှင်၊ မဟာဝိဇယ
၅၅။ ဆရာရွှေကျွန်းခိုင်သစ်၊ နက္ခတ္တဗေဒပညာရှင်၊ မဟာဝိဇယ ၂၀၀၀/-